

PUBLISHING GROUP
လုံးချင်းဝတ္ထုသစ်
ရင်မြွတ်နိုး
ရန်ဖြစ်တာ--ချစ်လို့--ချစ်လို့
ပန်းချီသိန်းရွှေကြည်
2010

# အခန်း (၁)

တိုက်ကြီးရဲ့ ဆင်ဝင်ရှေ့ ကားလေးထိုးရပ်လိုက်သည် ဆိုလျှင်ပဲ ကားစက်ကိုသပ်ကာ ကပျာကယာလေး ဆင်းလိုက်သူက ဦးတေဇထွန်း ရယ်ပဲ ဖြစ်သည် ။

ကျေနပ်ခြင်း၊ ကြည်နူးခြင်း၊ ဝမ်းသာပီတိများ လှိုက်ဖြာနေခြင်းများ က သူ့မျက်နှာပြင်မှာ ဖုံးဖိလို့ ပင်မရပါ။

"ဝင့်ရေ ... ဝင့်"

"ဝင့် လာပါဦးကွ"

ခေါ်သံကျယ်ကြီးက ကြီးမားကျယ်ဝန်းသော တိုက်အိမ်ကြီးထဲ ဟိန်း တက်လို့ နေ၏။

"ဝင့်ရေ ..."

"ရှင် ... လာပြီ ... လာပြီ ကိုထွန်းရေ လာပြီ"

"အသံကိုထားပြီး လူအရင်လာကွ"

"လာပါပြီရှင် လာပါပြီ ။ ဘယ့်နှယ်ကြောင့် ဒီလောက်တောင်လော နေရတာလဲ"

ခင်ပွန်းသည် ရဲ့ အလျင်လိုနေမှုလေးကို မျက်စောင်းလေးချီကာမေးပြီး လူကတော့ ခြေလှမ်းသွက်သွက်လှမ်းကာ

အနားသို့ တိုးကပ်သွားမိသည် ။

"ဝင့် ..."

"ရှင် ..."

"မင်းကို ဝမ်းသာစရာစကားပြောမလို့ "

"အမယ်လေး ဒါများ ရှင် အလောတကြီး အမောတကောနဲ့ ကိုထွန်း ရယ် ဝင့်ဖြင့် မီးဖိုချောင်ထဲ ချက်ပြုတ်နေတာ ရှင် ခေါ်သံကြားလို့ ဘာများ ဖြစ်လာသလဲဆိုပြီး ရင်ကိုထိတ်သွားတာပဲရှင်။ ကဲ ... ပြော ... ပြော ... ဘာပြောမလို့ လဲ"

"ကိုညီလေးမောင်ရဲ့ သား အိမ်လိပ်စာကို ကိုယ် သိခဲ့ရပြီကွ"

"ဟယ် ..."

ခင်ပွန်းဖြစ်သူ ဦးတေဇထွန်းစကားကြောင့် ဒေါ်မာန်ဝင့်ချိုရဲ့ မျက်လုံးလေးတွေပြူးကာ နှုတ်ခမ်းလေးတွေပေါ်မှာ လည်း ပီတိဖြာဝေသော အပြုံးလေးတွေနှင့် ချက်ချင်းဆိုသလိုပင် ပွင့်ဖူးဝေဆာသွားရသည် ။

"ဟုတ်တယ် ဝင့်၊ ဟော့ဒီမှာ သူနေတဲ့ လိပ်စာကတ်၊ ဒါကြောင့် သူ့ ကိုသွားတွေ့ဖို့ မင်းတို့ သားအမိကို ချက်ချင်းလာခေါ်တာ"

"လိုက်မှာ ပေါ့ ကိုထွန်းရဲ့ ။ အခုသွားမှာ မဟုတ်လား။ ကျွန်မအဝတ် အစား သွားလဲလိုက်မယ်"

"နေဦး မင်း လဲရုံတင်မကဘူး သမီးကိုလည်း တစ်ခါတည်း အဝတ် အစားလဲပြီး လိုက်ခဲ့ဖို့ ခေါ်လိုက်ဦး ဝင့်။ သမီးပါလိုက်လာတော့ ပိုပြီး အ ဆင်ပြေသွားတာပေါ့ "

"ကောင်းတယ် .... ကောင်းတယ် ကိုထွန်း၊ ရှင့်အစီအစဉ် ကောင်း

တယ် သမီးကိုပါ ခေါ်ခဲ့မယ် "

"အေး ... အေး ... သွား ... သွား မြန်မြန်ပြင်ဆင်ကြတော့။ ကိုယ်လည်း ကိုညီလေးမောင်ရဲ့ သားကို အရမ်းတွေ့ချင်နေပြီကွ"

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မတို့ အမြန်ဆုံးပြင်ဆင်ပြီးတော့ ဆင်းလာခဲ့ပါ့မယ် "

ဒေါ်မာန်ဝင့်ချီတစ်ယောက် အပြေးတစ်ပိုင်းပင် နေရာကနေထွက်ခဲ့လိုက်သည် ။

ဦးတေဇထွန်းတစ်ယောက်မှာ လည်း စိတ်အလှုပ်ရှားကြီး လှုပ်ရှားကာ ဧည့်ခန်းကျယ်ကြီးထဲတွင် ကျန်နေရစ်ခဲ့သည် ။

ကိုညီလေးမောင်ရဲ့ သား။

တစ်နည်းအားဖြင့် ...

ဦးတေဇထွန်းတို့ မိသားစုရဲ့ ကျေးဇူးရှင် ဦးညီလေးမောင်။

ကြာခဲ့ပြီ။

နှစ်ပေါင်းများ စွာက တင်နေခဲ့တဲ့ အတိတ်မှာ ရှိနေခဲ့တဲ့ ကျေးဇူးကြွေးတွေ။ အခုတော့ ပြန်လည်ပေးဆပ်ခွင့်ရတော့မည်လေ။ ဒီလိုအခွင့်အရေးမျိုးကို ပြန်ရဖို့ ဦးတေဇထွန်း ဘယ်လောက်များ တောင်ဆုတွေတောင်းခဲ့ရပါသလဲ။

အခုတော့ ...

ဦးတေဇထွန်း ဆုတောင်းပြည့်ခဲ့ပြီ။

စုံစမ်းလို့ ကြားရတဲ့ သတင်းအရ ဦးညီလေးမောင်တို့ လင်မယားကတော့ ဆုံးသွားပြီတဲ့ ။ သားတစ်ယောက်တည်း ကျန်ခဲ့တယ်တဲ့ လေ။ သိ

တာပေါ့။

အဲကလေးကို ဦးတေဇထွန်းသိတာပေါ့။

မိမိလက်ပေါ်မှာ တချီချီ တပိုးပိုးနဲ့ ရှိနေခဲ့ဖူးတဲ့ ကလေး။ ညို့သခင် ဆိုတဲ့ ကောင်လေးက ထိုအချိန်က သုံးနှစ်သားအရွယ်လောက်သာ ရှိသေးသည် ။

ထိုစဉ်က။

ဦးတေဇထွန်းတို့ အိမ်ထောင်ကျကာစအချိန်။ ဒေါ်မာန်ဝင့်ချီရဲ့ မိဘတွေက ပိုက်ဆံချမ်းသာတာမို့ ဂုဏ်မောက်ကြသည် ။ ဦးတေဇထွန်းက သူတို့ လက်အောက်မှာ လုပ်နေတဲ့ သာမန်အလုပ်သမားတစ်ယောက်။ ကျန်းမာရေးချူချာသော မုဆိုးမမိခင်ကြီးကို ခွန်အားနှင့် ရုန်းကန်၍ ကျွေးမွေးစောင့်ရှောက်နေရသော ဦးတေဇထွန်းနဲ့ မာန်ဝင့်ချီတို့ ချစ်သူတွေဖြစ်နေကြတာကို မိဘတွေသိပြီး အကြီးအကျယ် ဒေါသူပုန်ထကာ ဝိုင်းဖျက်တော့သည် ။

ဦးတေဇထွန်းကိုလည်း အလုပ်ကနေ ထုတ်ပစ်ကြ၏။ ထိုအချိန်က မိခင်ကြီးရဲ့ ကျန်းမာရေးကလည်း မကောင်း၊ အလုပ်လက်မဲ့ကလည်း ဖြစ်၊ ရည်းစားနဲ့ ဝေးရလို့ ရင်ထဲမှာ ဝေဒနာဆိုးကို မချိမဆန့် ခံစားနေရတဲ့ အချိန်။ အစ်ကိုကြီး ကိုညီလေးမောင်နှင့် ဆုံခဲ့ရသည် ။ အလုပ်ပေးသည့်အပြင် မိခင်ကြီးရဲ့ ဆေးကုသစရိတ်ကိုလည်း လစာကြိုထုတ်ပေးခဲ့၏။

ညီအစ်ကိုအရင်းအချာပမာ ဆက်ဆံခဲ့သည့် ကိုညီလေးမောင်ပါ။ ကိုညီလေးမောင်ရဲ့ ဇနီး နှောင်းခင်ခင်ကလည်း စိတ်သဘောထားပြည့်ဝလွန်းသူတစ်ယောက် ဖြစ်သည် ။ အလုပ်သမားဆိုပြီး ဘယ်တုန်းကမှ နှိမ်နှိမ်ချိုးချိုး မဆက်ဆံခဲ့။ မောင်အရင်းအချာလိုပင် သဘောထားကာ ကျွေးမွေးစောင့်ရှောက်၏။

တစ်နေ့ …

မာန်ဝင့်ချီနှင့် မထင်မှတ်ဘဲ ပြန်ဆုံခဲ့သည် ။

ထိုနေ့က …

အလုပ်ရှင်ဖြစ်တဲ့ ကိုညီလေးမောင်လည်း အနားမှာ ရှိနေ၏။ မိဘတွေ သဘောမတူလို့ ချစ်သူနှစ်ဦး ကွေကွင်းနေရသည့် အဖြစ်ကိုသိတော့ အားပေးနှစ်သိမ့်ကာ မာန်ဝင့်ချီကို တစ်ခါတည်းခေါ်ခဲ့ဖို့ အကြံပေးသည် ။ ချစ်သူနှစ်ဦးကလည်း မခွဲနိုင်ဘူးဆိုတော့ အားလုံးပြီးပြီပေါ့။

ဝင့်ကို တစ်ခါတည်း ခေါ်ခဲ့ပြီး ကိုညီလေးမောင်တို့ တိုက်ကို လိုက်ပါသွားခဲ့ကြသည် ။ ခြံထဲက အလုပ်သမားတန်းလျားတွင် နေခွင့်ပြုခဲ့ပြီး အသုံးစရိတ်ကအစ အဝတ်အစားကအဆုံး လိုလေသေးမရှိစေရအောင် လင်မယားနှစ်ယောက်စလုံး တက်ညီလက်ညီ စိတ်တူကိုယ်တူပင် ကူညီခဲ့ကြသည် ။ ထမင်းစားလျှင်လည်း ခွဲချက်မစားရ။ သူတို့ မိသားစုနှင့် ပဲ အတူတူစားသောက်ခဲ့ရသည် ။

ဦးတေဇထွန်းမိခင် ဆုံးသွားတော့လည်း နာရေးကိစ္စအဝဝကို အစ်ကိုကြီး ညီလေးမောင်ကပဲ တာဝန်ယူကာ ဆောင်ရွက်ပေးခဲ့၏။ ထိုအချိန်က အစ်ကိုကြီးမှာ သုံးနှစ်အရွယ် သားလေးညို့သခင်က ရှိနေခဲ့သည် ။

အစ်ကိုကြီးရဲ့ ကျေးဇူးတွေက ဦးတေဇထွန်းအပေါ်မှာ ဆပ်မကုန်နိုင်လောက်အောင်ပဲ တင်နေခဲ့တာပါ။

တစ်နေ့ …

မာန်ဝင့်ချီရဲ့ မိဘတွေဆီက သူ့သမီးကြောင့် ပြန်ပြီး ဆက်သွယ်လာတာကြောင့် ဘဝရှေ့ရေးအတွက် သွားရမည့် အချိန်တွင် သံယောဇဉ် တွယ်ငြိနေမိသော အစ်ကိုကြီး ညီလေးမောင်တို့ လင်မယားကို မထားရစ်ခဲ့

နိုင်ဘဲ ဖြစ်နေကြပြန်သည် ။

ဒါကို ...

အလုပ်ရှင်လည်း ဖြစ် ၊ ကျေးဇူးရှင်လည်း ဖြစ်တဲ့ ကိုညီလေးမောင်က ကြည်ဖြူစွာပင်သွားဖို့ တိုက်တွန်းခဲ့၏။ တကယ့်ကို စိတ်ထားဖြောင့်မတ်တဲ့ အစ်ကိုကြီးပါပဲ။

အစ်ကိုတစ်ယောက်လိုပင် ကိုယ့်ညီကို ကောင်းစားစေချင်သော စေတနာမေတ္တာကို လေးစားကာ တစ်နေ့နေ့တစ်ချိန်ချိန် ကျွန်တော်တို့ မှာ သမီးမိန်းကလေး မွေးခဲ့ပါက အစ်ကိုကြီးရဲ့ သားနဲ့ ပဲ ပေးစားပါရစေဟု ခွင့်တောင်းခဲ့၏။

အစ်ကိုကြီးကလည်း အလုပ်သမားဆိုပေမယ့် မခိုမကပ် ရိုးသားကြိုးစားသော သူ့ရဲ့ စိတ်ဓာတ်ကို သဘောကျစွာပင် ထိုတောင်းဆိုချက်ကို လက်ခံပါသည် ။

အစ်ကိုကြီးနဲ့ လမ်းခွဲပြီးနောက်ပိုင်း မာန်ဝင့်ချိမိဘတွေရဲ့ လုပ်ငန်းတွင် ဝင်ရောက်ဦးစီးလုပ်ကိုင်ခဲ့သည် ။ ရိုးသားကြိုးစားခြင်းရဲ့ အကျိုးကျေးဇူးကြောင့် ပဲ လုပ်ငန်းတွေက အရင်ကထက် ပိုပြီး အောင်မြင်ကာ စီးပွားဖြစ်ခဲ့သည် ။ လုပ်ငန်းတွေ တိုးချဲ့ကာ ဦးတေဇထွန်းဆိုသည့် သာမာန်ဆင်းရဲသား အလုပ်သမားတစ်ယောက်ရဲ့ ဘဝက အချိန်တိုတို အတွင်းမှာ ပင် ပြောင်းလဲကာ သူဌေးကြီး ဦးတေဇထွန်းအဖြစ်သို့ ရောက်ခဲ့သည် ။

အလုပ်တွေ မအားလပ်တာနှင့် ပစ်ထားမိသော ကျေးဇူးရှင် အစ်ကိုကြီး ညီလေးမောင်တို့ ကို သတိရကာ အရင်နေခဲ့သောနေရာလေးကို သွားလည်တော့ အံ့ဩစရာကောင်းလောက်အောင် မီးလောင်ပြီးစ၊ မြင်ကွင်းကြီးတစ်ခုကိုသာ မြင်တွေ့ခဲ့ရပြီး လူတွေက

တော့ သတင်းအစအနပင် ရှာမရတော့ချေ။

ဦးတေဇထွန်း လိုက်သတင်းစုံစမ်းသော်လည်း ရေရာမှုကမရှိခဲ့တော့ ။ ဒီလိုနှင့် ပဲ ရင်ထဲမှာ တနုံ့နုံ့ခံစားရကာ အိပ်မပျော်ခဲ့သည့် ညတွေပင် ရှိခဲ့ရသည် ။

အခုတော့။

ကျေးဇူးရှင်အစ်ကိုကြီးရဲ့ သတင်းကိုရခဲ့ပြီ။

ရခဲ့တဲ့ သတင်းက ဆိုးဝါးလွန်းလှ၏။ နှစ်ယောက်စလုံး ဆုံးပါးသွားပြီဆိုတဲ့ သတင်းပါပဲ။ ဦးတေဇထွန်း ဖြေတောင်ဖြည်မဆည်နိုင်။ အစ်ကိုကြီးတို့ လင်မယား ဒုက္ခဖြစ်နေချိန်မှာ အနားမှာ ရှိနေခွင့်၊ ပြန်ပြီး တစ်လှည့်ပေးဆပ်ခွင့် မရခဲ့ရသည့် အဖြစ်ကို တွေးမိကာ ယူကျုံးမရပင် ဖြစ်နေခဲ့ရသည် ။

သို့ပေမယ့်။

ဦးတေဇထွန်းအတွက် ဖြေသိမ့်စရာတစ်ခုတော့ ရရှိခဲ့ပါသည် ။

ထိုအခွင့်အရေးလေးကတော့ အစ်ကိုကြီးရဲ့ တစ်ဦးတည်းသောသားကလေး ညို့သခင်ပါပဲ။ ငယ်စဉ်ကတည်းက ဦးတေဇထွန်း ချီပိုးထိန်းခဲ့ရသော ကောင်လေးက အခုတော့ တောင်ဒဂုံဆိုတဲ့ မြို့သစ်လေးတွင် ရှိနေသည် တဲ့ လေ။

အိမ်ထောင်ကျနေပြီလားဆိုတာ ဦးတေဇထွန်းမသိ။

အကယ်၍ ....

ညို့သခင်ဆိုတဲ့ ကောင်လေး အိမ်ထောင်ကျလျှင်လည်း မိမိတို့ အနားမှာ ခေါ်ထားပြီး စောင့်ရှောက်မှာ ပေါ့လေ။ လူပျိုလူလွတ်ဆိုရင်

တော့ ကျေးဇူးရှင်အစ်ကိုကြီးကိုပေးထားခဲ့သော ကတိစကားအတိုင်း သမီးလေး သွန်းပန်းချီနဲ့ လက်ထပ်ပေးစားဖို့ ဦးတေဇထွန်း စိတ်ပိုင်းဖြတ်ပြီးပြီ။

"ဖေဖေ"

"ဩော် ... အေး သမီး "

"ဘယ်သွားမလို့ လဲဟင်၊ မေမေက သွန်းကို အဝတ်အစားလဲပြီး အမြန်ဆင်းလာခိုင်းလို့ "

"ဟုတ်တယ် သမီး၊ အရမ်းကို အရေးကြီးတဲ့ လူတစ်ယောက်ရဲ့ လိပ်စာကိုရလို့ ဖေဖေတို့ သွားရှာမလို့ လေ"

"ဘယ်သူလဲဟင် ဖေဖေ"

"သမီးနဲ့ ဖေဖေတို့ လက်ထပ်ပေးစားမယ့်သူ"

"ရှင်"

"ဟုတ်တယ် သမီး၊ မောင်ညို့သခင်နဲ့ သမီးကို ဖေဖေတို့ သဘောတူ ပေးစားမလို့ "

"ဖေဖေ"

သွန်းအသံလေးက တအံ့တသြ။

"သမီးကို အခုအချိန်မှာ ဘာမှ ရှင်းမပြနိုင်သေးပေမယ့် ပြန်လာရင်တော့ ဖေဖေ ရှင်းပြမှာ ပါ။ အခုတော့ ဖေဖေတို့ သွားကြစို့သမီး။ ဟိုမှာ သမီးအမေလည်း လာနေပြီ အချိန်ရှိတုန်းလေး သွားရအောင်"

"ဖေဖေ"

တားဆီးမှုက အရာမရောက်။

ဖေဖေရော မေမေပါ အားတက်သရော တိုက်ထဲကနေ သွက်လက်သော ခြေလှမ်းတွေနှင့် ထွက်နေကြပြီမို့ အနောက်ကနေ ချန်မနေရစ်နိုင်ဘဲ သွန်းပန်းချီ လိုက်သွားမိသည် ။

သူမနဲ့ ပေးစားမယ့်သူကို သွားတွေ့မလို့ တဲ့ ။

ဘာတွေလဲ။

တကယ်ဆိုရင် ယောကျ်ားလေးရှင်က လာတွေ့ရမှာ မဟုတ်ဘူးလား။ အခုတော့ အားလုံးက ပြောင်းပြန်ဖြစ်နေသည် ။

ဘာကြောင့် လဲ။

ဖေဖေနဲ့ မေမကေ ဘာကြောင့် အခုလိုတွေ ဖြစ်နေကြတာလဲ။ မစဉ်းစားတတ်တော့ပါ။ သူမ လုံးဝကို မစဉ်းစားတတ်တော့ပါချေ။

ရင်ထဲမှာ တော့ မကျေနပ်မှုတွေက အဆပေါင်းများ စွာနှင့် ။

*****

# အခန်း(၂)

"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ ဘာကိစ္စများ ရှိလို့ ပါလဲ အန်ကယ်"

"မောင် ... မောင်ရင်က"

"ညို့သခင်ပါ"

ဟာ...။

ဦးတေဇထွန်းတစ်ယောက် ကောင်လေးရဲ့ အဖြေကြောင့် ရင်ထဲနင့်ခနဲနေအောင်ပင် ဆို့တက်သွားရသည် ။

ကြည့်စမ်း။

ညို့သခင်ဆိုတဲ့ ကောင်လေးရဲ့ ဘဝ။

ဆယ်ပေသာသာ ခြံဝိုင်းလေးထဲတွင် ခြေတံမနိမ့်မမြင့် သစ်သားအိမ်သေးသေးလေးတစ်လုံး ဆောက်ထားသည် ။ သွပ်မိုး၊ ပျဉ်ခင်းဆိုပေမယ့် ဘေးနှစ်ဖက် အကာအရံက ထရံတွေနှင့် ကပ်ထားတာပါ။ ခြံဝင်းလေးနဲ့ အိမ်လေးက သပ်ရပ်ပေမယ့် တကယ့်ကို စာကလေးအိမ်သာသာလေးနဲ့ နေနေရတဲ့ ညို့သခင်ရဲ့ ဘဝ။ အလုပ်ကလည်း ကြည့်ပါဦး ဆိုက်ကားနင်းနေရတာလေ။

ဘုရား.... ဘုရား။

လူတစ်ယောက်ရဲ့ ကံကြမ္မာက အဲ့ဒီလောက်တောင်ပဲ အပြောင်းအလဲမြန်ရသတဲ့ လား။ ပေတစ်ရာပတ်လည်လောက်ရှိတဲ့ ရောင်စုံပန်းပွင့်တွေကြားမှာ ထီးထီးမားမားကြီး တည်ဆောက်ထားခဲ့တဲ့ ညို့သခင်ငယ်စဉ်က နေထိုင်ခဲ့တဲ့ တိုက်အိမ်ကြီး။ ကားဂိုဒေါင်နဲ့ မဆန့်လို့ အပြင်မှာ တောင်ရပ်သိပ်ရတဲ့ ကားအကောင်းစားကြီးတွေ။

ကြည့်စမ်း...။

ဒါတွေဟာ ဦးတေဇထွန်းနဲ့ မတွေ့ဆုံခဲ့ရတဲ့ နှစ်နှစ်ဆယ်ကျော် အချိန်ကာလအတိုင်းအတာအတွင်းမှာ ပဲ ပျက်စီးဆုံးရှုံးသွားခဲ့ရသတဲ့ လား။

ရင်နာစရာကောင်းလိုက်တာ။

ညို့သခင်ရဲ့ ဘဝက ရင်နာစရာကောင်းလိုက်တာ။

"အန်ကယ်"

"ဩော် ... အေး မောင်ညို့သခင် အန်ကယ်က ဦးတေဇထွန်းပါကွယ် ။ ဒါက အန်ကယ့်ဇနီး မာန်ဝင့်ချိုပါ။ မင်းအဖေရဲ့ မိတ်ဆွေတွေပါ မောင်ညို့သခင်"

ဦးတေဇထွန်းတစ်ယောက် မောင်ညို့သခင်ကို အလျှင်ဦးစွာ မိတ်ဆက်မိသည် ။

"ဩော်... ဟုတ်ပြီ၊ ကျွန်တော် မှတ်မိပြီ။ ကျွန်တော့်အဖေပြောပြောဖူးတဲ့ ဦးတေဇထွန်းထင်တယ်။ အရင်က ကျွန်တော်တို့ အိမ်မှာ နေခဲ့ဖူးတယ်ဆိုလား။ အဖေကတော့ ခဏခဏ ပြောဖူးတာပဲ။ ညီအစ်ကိုအရင်းအချာတွေလိုပဲ ရှိခဲ့ကြတာတဲ့ လေ"

"ဟာ... ဟုတ်ပါတယ်... ဟုတ်ပါတယ်။ မင်းအဖေပြောတာ အမှန်ပါပဲ မောင်ညို့သခင်ရယ်။ ဒါကြောင့် လည်း အစ်ကိုကြီး ညီလေးမောင်နဲ့

တွေ့ဆုံချင်လွန်းလို့ အန်ကယ်က တစ်ချိန်လုံး လိုက်ရှာနေတာပေါ့ကွာ။ ခက်တာက အန်ကယ် ဘယ်လောက်ပဲ စုံစမ်းနေနေ သတင်းက မရဘူးကွာ"

"ကဲပါ... အန်ကယ် အိမ်ထဲဝင်ထိုင်ကြပါဦး။ အိမ်ကတော့ အန်ကယ်တို့ မြင်တဲ့ အတိုင်းပဲနော်။ ကျွန်တော် ပိုင်ဆိုင်ထားတဲ့ လက်ရှိဘဝပဲ။ အဆင်မပြေဘူးဆိုရင်လည်း ရပါတယ် အန်ကယ် ကျွန်တော့်ကို အားမနာကြပါနဲ့ နှုတ်ဆက်ပြီး ပြန်သွားလို့ ရပါတယ်"

"ဟာ... မဟုတ်တာ မောင်ညို့သခင်ရယ်၊ ထိုင်မှာ ပါ မင်းအိမ်ထဲ အေးအေးဆေးဆေးဝင်ထိုင်ပြီး စကားပြောကြတာပေါ့ကွာ။ ဟော့...ဝင့် ... လာ ... လာ အိမ်ထဲဝင်ကြရအောင် သမီးကိုပါခေါ်ခဲ့"

"ဟုတ်ကဲ့ ကိုထွန်း"

ခင်ပွန်းဖြစ်သူရဲ့ မှာ ကြားချက်အတိုင်းပင် ဒေါ်မာန်ဝင့်ချိုကလည်း လုပ်ဆောင်ပါသည် ။ သမီးဖြစ်သူထိုင်နေတဲ့ ပါရာဒိုကားကြီးဆီ သွက်နေအောင်ပင် ထွက်သွား၏။

သွန်းပန်းချီတစ်ယောက်မှာ လည်း ကားလေးပေါ်ကနေ ထိုင်ကာ ဖေဖေရဲ့ အခြေအနေကို စောင့်ကြည့်နေရာမှ ဆိုက်ကားသမားတစ်ယောက်ရဲ့ အိမ်သေးသေးလေးအပေါ် အတူတူလိုက်ပါသွားခြင်းကို မျက်လုံးလေးပြူး၊ ပါးစပ်လေး အဟောင်းသားဖြစ်အောင်ပင် အံ့ဩမှ င်သက်နေရတော့သည် ။

ဘာတွေလုပ်နေတာလဲ။

ဖေဖေ ပြောတုန်းက သူမနဲ့ ပေးစားမယ့် ကောင်လေးဆီသွားမလို့တဲ့ လေ။ ဒါနဲ့ များ တောင် ဒီလောက်ဆင်းရဲတဲ့ ရပ်ကွက်ထဲကအိမ်က

လေးဆီ ဘာအကြောင်းကိစ္စနဲ့ များ လာခဲ့ရပါလိမ့်။

ပြီးတော့...

ဆိုက်ကားသမားနဲ့ စကားပြောဆိုနေတဲ့ ဖေဖေရဲ့ ဟန်ပန်က ခြသေ့် ရှေ့ရောက်နေတဲ့ သိုးငယ်လိုလို။ ဟိုလူဟန်ပန်က မသိလျှင်ဆိုက်ကားန င်းပြီး စားနေရတဲ့ လူတစ်ယောက်ပုံစံပင် မရှိ။ သူ့ကိုယ်သူ ကုမ္ပဏီပိုင်ရှ င်သူဌေးကြီးပုံစံမျိုး ဖြစ်နေ၏။

ဒီလိုလူမျိုးနဲ့ ဖေဖေ ဘယ်လိုလုပ်ပြီး တရင်းတနှီး ရှိနေရတာလဲ။ ဘ ယ်လိုတွေပတ်သက်ဆက်နွယ်နေကြတာလဲ။ မေမေရော ဘာထူးလို့ လဲ။ ထိုလူရောက်လာတာ မြင်လိုက်တယ်ဆိုလျှင်ပဲ မျက်နှာတစ်ခုလုံး ပီတိ တွေ လှိုက်ဖြာနေတဲ့ အပြုံးချိုချိုတွေနဲ့ ရှိနေခဲ့တာပဲလေ။

အခုလည်း ...

ဖေဖေက ဆိုက်ကားသမားရဲ့ အိမ်လေးပေါ်တက်လိုက်သွားပြန်ပြီ။ မေမေကတော့ သူမထိုင်နေတဲ့ ကားလေးဆီ ပြန်လျှောက်လာနေ၏။

"ဒေါက်... ဒေါက်"

အပြင်ကနေ မှန်တံခါးကို မေမေက ခေါက်ကာ သူမကို ကားမှန်ချ ပေးဖို့ ပြောနေသည် ။ သူမ ကားထဲကနေ မေမေ့ကို မေးလေးဆတ်ကာ ‘ ဘာလဲ’ ဟု ပြန်မေးတော့ မေမေက ဆင်းလာဖို့ ပြောနေ၏။

သွန်းပန်းချီ ခေါင်းလေးခါပြီး ငြင်းလိုက်မိသည် ။

မဆင်းချင်ပါဘူး။

အိမ်လေးကိုကြည့်ပြီး အစကတည်းက စိတ်တွေ တအားကို ညစ်နေ တာလေ။ ဘယ့်နှယ်စိတ်ကူးတွေနဲ့ များ ဒီနေရာကိုရောက်အောင်

လာခဲ့ကြသလဲဆိုပြီး အတွေးလေးနဲ့ တင် စိတ်တွေပျက်နေရတာကို မေမေ မသိဘဲ အောက်ကိုဆင်းလာဖို့ ပါ လာခေါ်နေသေးသည် ။

သူမ။

ကားမှန်တွေ အကုန်ပိတ်ပြီး အဲယားကွန်းလေးဖွင့် အထဲမှာ သီချင်းလေးနားထောင်ပြီး ငြိမ့်နေတာကို မေမေက လာပြီးနှောင့်ယှက်နေပြန်ပြီ။

"ဒေါက်... ဒေါက်"

တံခါးလော့ခ်တွေ ချထားတာမို့ ဖွင့်မရတဲ့ မေမေက ကားမှန်ကိုပဲ ခေါက်နေ၏။ ဖွင့်မပေးလို့ လည်း ရမှာ မဟုတ်တော့ သွန်းတစ်ယောက် မဖွင့်ချင်ဖွင့်ချင်နှင့် ကားမှန်တံခါးလေး ချပေးလိုက်ရသည် ။

"သွန်း..."

"ရှင်..."

"အောက်ကိုဆင်းလာခဲ့လို့ ပြောနေတဲ့ ဟာကို ဘာဖြစ်လို့ ဆင်းမလာတာလဲ သွန်း"

"မဆင်းချင်ပါဘူး၊ သွန်းက ဘာဖြစ်လို့ ဆင်းရမှာ လဲ မေမေရယ်။ မေမေတို့ လူကြီးတွေကိစ္စသာ ပြီးအောင် မြန်မြန်လုပ်ကြပါ။ သွန်း ဒီကပဲ စောင့်နေမယ်"

"မဖြစ်ဘူး သွန်း၊ မေမေတို့ ဒီကိုလာရတဲ့ အကြောင်းအရင်းက သွန်းနဲ့ ပဲ သက်ဆိုင်နေတာ။ ဆင်းခဲ့ သွန်းကို ဖေကြီးက ခေါ်ခိုင်းလိုက်တယ်"

ကျွတ်...

ပြဿနာပဲ။

ဖေဖေကလည်း ဘာဖြစ်လို့ သွန်းကို ခေါ်ခိုင်းနေရတာလဲ။

မဆင်းချင်ပါဘူးဆိုမှ ဒီစာကလေးအိမ်လေးထဲ ဖွတ်အတင်းပင် ခေါ်လာခိုင်းနေသေးသည် ။

ပြီးတော့…

အခုလာတဲ့ ကိစ္စက သွန်းပန်းချီရဲ့ အတွက်တဲ့ ။

သူမနဲ့ သက်ဆိုင်နေတာတဲ့ လေ။

ဘာတွေလဲ။

သွန်း နားမလည်ပါ။

"သွန်း…"

"ရှင်…"

"မြန်မြန်ဆင်းလေ တော်ကြာ သွားခေါ်တာကြာနေလို့ သမီးအဖေ စိတ်ဆိုးနေဦးမယ်"

ဖေဖေ့ကိုတော့ သွန်း ကြောက်သည် ။

ဖေဖေက လူတစ်မျိုး၊ အလိုလိုက်လျှင် သူမတူအောင် အလိုလိုက်တတ်သလောက် သူ စိတ်တိုင်းမကျတာတွေ့လာလျှင်လည်း လုံးဝ မျက်နှာသာမပေးဘဲ ဆုံးမတတ်တဲ့ သူပါ။

"သွန်း…"

"အင်းပါ မေမေရယ်။ ဆင်းပါ့မယ် ဘာတွေမှန်းလဲမသိဘူး စိတ်ရှုပ်လိုက်တာ"

နှုတ်လေးကလည်း မကျေမနပ်နှင့် ပွစိပွစိ ရေရွတ်လိုက်သလို လူက

လည်း ကားတံခါးကို ဆတ်ခနဲ တွန်းဖွင့်ပြီး ဆင်းလိုက်မိသည် ။ သုန်မှုန်နေတဲ့ မျက်နှာလေးကတော့ တစ်စက်ကလေးမှ ပြင်မသွားပါ။

မေမေ့အနောက်ကနေ ခြေကလေးဆောင့်နင်းပြီး လိုက်ခဲ့မိသည် ။ ချွန်မြသေးသွယ်သော နှစ်လက်မဒေါက်မြင့် ဖိနပ်လေးနှင့် သစ်ချောင်းလေးများ နှင့် ခင်းထားသော လှေခါးထစ်လေးပေါ်အတက်။

"အမေ့..."

"ဟဲ့.... သွန်း"

ကြမ်းကြားထဲ ဒေါက်လေးညပ်ကာ လူက ဟန်ချက်ပျက်သွားခြင်းကို မေမေက သတိရှိစွာပင် သူမလက်မောင်းလေးအား ဖျက်ခနဲ လှမ်းဆွဲဖမ်းကာ ထားလိုက်တာမို့ ဒူးကလေးညွတ်ကာ သူမ လဲပြိုမသွားခြင်းပင် ဖြစ်သည် ။

"အိမ်ပေါ်တက်ရင် အောက်ကလေးဘာလေးလည်း ကြည့်တက်ပေါ့ကွာ"

သူမအဖြစ်ကိုကြည့်ပြီး မျက်နှာထားတင်းတင်းနဲ့ ဝေဖန်တာက သူမနဲ့ လုံးဝ မရင်းနှီးတဲ့ အိမ်ရှင်ဖြစ်တဲ့ လူ။

"ဘာရှင့်..."

သွန်းအသံလေးက ဆောင့်ဆောင့်အောင့်အောင့်။

"မင်းကိုပြောတာ သွန်းပန်းချီ"

"နေစမ်းပါဦး၊ ရှင်နဲ့ ဘာဆိုင်လို့ သွန်းကို ဒီလိုပြောရတာလဲ။ ရှင့်ကို ကျွန်မ မသိဘူး"

သူမကို မြင်မြင်ချင်း ဆောက်နဲ့ ထွင်းဆိုသလို ဆက်ဆံလိုက်တဲ့ အိမ်

ရှင်ဆိုက်ကားသမားကို အမြင်ကတ်စွာပင် ပြန်ရန်တွေ့လိုက်မိသည် ။

"မသိဘူး ဟုတ်လား"

သူက မျက်မှောင်တစ်ချက်တွန့်ကြုတ်ကာ သူက ပြန်မေးတော့ ပျာယာခတ်သွားတဲ့ သူတွေက သွန်းပန်းချီရဲ့ ဖေဖေနဲ့ မေမေ။

"ဟဲ့... သမီး ဘယ်လိုပြောလိုက်တာလဲ။ သူက မောင်ညှို့သခင်လေ။ သမီးနဲ့ ပေးစားမယ့်သူ။ ဖေဖေတို့ လာတာ မောင်ညှို့သခင်ရဲ့ အဖေကို ပေးခဲ့တဲ့ ကတိအတိုင်း လက်ထပ်ပေးဖို့ လာတွေ့တာ"

"ဘယ်... ဘယ်လို ဖေဖေ ဘာပြောလိုက်တာလဲ။ သူနဲ့ သွန်းကို ပေးစားမယ် ဟုတ်လား။ ဒီလိုလူမျိုးနဲ့ လေ"

"ဟော့... မင်းစကားကြည့်ပြော ကိုယ်က ဘာဖြစ်နေလို့ လဲ"

"ရှင့်ပုံစံရှင် မမြင်ဘူးလား။ မမြင်ရင် မှန်ထဲသွားကြည့်ပေါ့ရှင်"

"ဘာကွ..."

"ဟော့... သွန်း၊ တိတ်စမ်း ပါးစပ်ပိတ်တော့"

ဖေဖေ တားဆီးသံက အထိတ်တလန့်။

သွန်း ဒီတစ်ခါတော့ ဘယ်လိုမှ နားမလည်နိုင်တော့သလို ဖေဖေ့မျက်နှာဆီ တအံ့တသြ ကြည့်ကာ ခေါင်းလေးကို သွက်နေအောင်ပင် ခါယမ်းပစ်လိုက်သည် ။

"လက်မခံနိုင်ဘူး ဖေဖေ၊ သွန်း လက်မခံနိုင်ဘူး။ သမီး လုံးဝ ဒီလူကို မယူနိုင်ဘူး၊ သွန်း ပြန်မယ်"

"သွန်းပန်းချီ ထိုင်နေစမ်း၊ ခြေတစ်လှမ်းမှ ဆက်မရွေ့နဲ့ နော်"

"တောင်းပန်ပါတယ် ဖေဖေ့ကို သွန်း တောင်းပန်ပါတယ်။ သေးနုပ်

တဲ့ ရပ်ကွက်ထဲက တဲစုတ်သာသာနဲ့ နေတဲ့ ဆိုက်ကားသမားကို သမီးက ယူရမှာ တဲ့ လား ဖေဖေ"

"ဟေ့... မင်းစကားပြောတာ ကြည့်ပြော သွန်းပန်းချီ။ ငါကလည်း မ င်းကို သိပ်ပြီးယူချင်တယ် မထင်နဲ့ ။ အန်ကယ်တို့ တောင်းဆိုလို့ သာ လ က်ခံရတာ။ မင်းပုံစံကြည့်ကတည်းက ဘယ်လောက်ထိ ထောင့်မကျိုးတဲ့ ကောင်မလေးလည်း ဆိုတာ မြင်ပြီးသားပဲ"

အံမယ်... ကြီးကျယ်လိုက်တာ။

သူကပဲ အားနာပါးနာနဲ့ သွန်းပန်းချီလို သူဌေးသမီးချောချောလှလှ လေးကို လက်ခံရတဲ့ ဒီဇိုင်း။ အခံရခက်လိုက်တာ။ ဖေဖေတို့ ရဲ့ တောင်း ဆိုမှုကို မတတ်သာလို့ လက်ခံလိုက်တဲ့ သဘောတဲ့ လေ။ ဘယ်လောက် များ ခံပြင်းဖို့ ကောင်းသလဲ။

"အန်ကယ်ထွန်း"

"ပြောပါ မောင်ညို့သခင်"

"အန်ကယ့်သမီးက ဘွဲ့ကောရပြီးရဲ့ လား"

"ရပြီးပါပြီကွယ်။ အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့ယူထားတာပါ"

"ဘွဲ့ရပြီးပြီဆိုလည်း ပြီးတာပဲ အန်ကယ်။ ကျွန်တော်ကတော့ သူဌေး သမီးဆိုတဲ့ အရှိန်နဲ့ ခပ်တေတေနေတတ်တဲ့ မိန်းကလေးမျိုးဆို လက်မ ထပ်ချင်ဘူး"

အံမယ်... အံမယ်။

ဒင်းကပဲ ပြောရတယ်ရှိသေး။ ဘွဲ့မရရင်ပဲ လက်မထပ်နိုင်ဘူးဆိုတဲ့ သဘောပေါ့လေ။ အသည်းယားဖို့ ကောင်းလိုက်တာ။

"နေစမ်းပါဦး၊ ရှင်က ကျွန်မကို ဘွဲ့ရမှ လေးဘာလေးနဲ့ စစ်ဆေးနေတယ်။ ရှင်က ဘယ်လောက် ထူးချွန်ထက်မြက်ပြီး တော်တတ်နေတဲ့ ယောကျာ်းမို့လို့ လဲ။ ကြီးကျယ်လို့ မယူဘူး။ ရှင့်ကို လုံးဝ မယူဘူး။ ဘယ့်နှယ် လုပ်စားနေတော့ ဆိုက်ကားနင်းတဲ့ အလုပ်နဲ့ သူဌေးသမီးကို လှမ်းမှန်းရတယ်လို့ ရှင် မရှက်ဘူးလား။ ရှင့်ကို ပတ်ဝန်းကျင်က အထင်သေးမှာ ရှင် မရှက်ဘူးလား"

"မရှက်ပါဘူး ဘာဖြစ်လို့ ရှက်ရမှာ လဲ။ ကိုယ်က မင်းကို သူဌေးသမီးဆိုပြီး အရချိုင်တာမှ မဟုတ်တာ။ မင်းမိဘတွေကိုယ်တိုင်က ကိုယ်နဲ့ သဘောတူ ကြည်ဖြူပါတယ်ဆိုပြီး လာပေးစားလို့ ယူရတာပဲဟာ၊ လိပ်ပြာမလုံစရာ ဘာအကြောင်းမှ မရှိဘူး သွန်းပန်းချီ"

"ဘာ... ဘာပြောတယ် ရှင်... ရှင်"

"မှန်တာပြောတာပဲ သွန်းပန်းချီ"

သူ့စကားလုံးတွေက သူမရင်ဝအရှိုက်တည့်တည့် ပစ်ဝင်လာတဲ့ လက်သီးချက်ပမာပါ။ ဘယ်လိုစကားတွေနဲ့ သွန်းပန်းချီ ပြန်ချေပရမလဲ။

ဟုတ်နေတယ်လေ။ သူပြောတာ အမှန်တွေပဲဟာ။

"ဖေဖေ သမီး သူ့ကို မယူပါရစေနဲ့ နော်။ ဒီလောက် တင်စီးတဲ့ လူ သမီး ဘဝတစ်သက်တာလုံး ဘယ်လိုပေါင်းသင်းရမလဲ ဖေဖေ။ သူ့ရုပ်ကြီးကိုလည်း ကြည့်ပါဦး။ ဒီလောက်ကြည့်ရဆိုးတာ မယူချင်ဘူး ဖေဖေ။ သွန်း လုံးဝ မယူနိုင်ဘူး"

"မရဘူး သွန်း ဖေဖေ ဆုံးဖြတ်ပြီးပြီ သမီး၊ မောင်ညို့သခင်ကိုပဲ လက်ထပ်ရမယ်။ သမီးကို မောင်ညို့သခင်နဲ့ ပဲ သဘောတူတယ်သမီး"

"ရက်စက်တယ် ဖေဖေ အရမ်းရက်စက်တယ် အဟင့်... ဟင့် မယူ

ဘူး။ သွန်း လုံး၀ မယူနိုင်ဘူး မုန်းတယ်။ အဲ့ဒီလူကို သွန်း အရမ်းမုန်းတယ် အဟင့်... ဟင့်"

သွန်းသည် ၀မ်းနည်းလှစွာပင် အိမ်လေးထဲတွင် ဆောင့်ကြောင့်လေးထိုင်ကာ တအီးအီးနှင့် ပင် ဟန်မဆောင်နိုင်စတမ်း ငိုချလိုက်မိတော့သည် ။

*****